ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်
{ နည်းဥပဒေ ၁၇(ဃ) }
ခုံသမာဓိအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး
ရန်ကုန်မြို့
အငြင်းပွားမှုအမှတ် ( ၁/၂၀၂၃ )

| | | |
|---|---|---|
| ဦးထွန်းလင်းဦးပါ(၄)ဦး ( အလုပ်သမား )<br>အမှတ်(၁၀၅၉)၊ မြို့မငြိမ်းလမ်း၊ (၇)ရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်။ ၀၉- ၇၆၂ ၃၀၃ ၀၆၂ | } | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | | |
|---|---|---|
| Mr. Tseng Chin Chuan ( အလုပ်ရှင် )<br>Topline Global Co.,Ltd (အထည်ချုပ်စက်ရုံ)<br>ဒေါ်မိုးမြင့်မေ( HR မန်နေဂျာ )<br>( အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )<br>အမှတ်(၂၄၅)၊ ဆရာရှမ်းလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊<br>လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။<br>၀၉ - ၉၆၉ ၄၁၆ ၂၃၆ | } | တောင်းဆိုခြင်းခံရသူ |

ရက် စွဲ ။ ၂၀၂၃ ခု နှစ်၊ ဖေဖော်ဝါရီ လ ၁၄ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ဆရာရှမ်းလမ်း၊ အမှတ်(၂၄၅)ရှိ အလုပ်ရှင် Mr. Tseng Chin Chuan ပိုင်ဆိုင်လုပ်ကိုင်သော Topline Global Co.,Ltd (အထည်ချုပ်စက်ရုံ)၊ အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးမြင့်မေ( HR မန်နေဂျာ ) နှင့် အလုပ်သမား ဦးထွန်းလင်းဦးပါ(၄)ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ဆရာရှမ်းလမ်း၊ အမှတ်(၂၄၅)ရှိ Topline Global Co.,Ltd ( အထည်ချုပ်စက်ရုံ )မှ အလုပ်သမား ဦးထွန်းလင်းဦးပါ(၄)ဦးတို့အား အလုပ်ရှင်မှ အော်ဒါကျဆင်းမှုကြောင့် အင်အားလျှော့ချခဲ့ခြင်းကို ကျေနပ်မှုမရှိ၍ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်လုပ်ကိုင်လိုခြင်းကိစ္စအား လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တင်ပြတိုင်ကြားခဲ့ရာ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ထံ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက် ။ တောင်းဆိုသူ အလုပ်သမား ဦးထွန်းလင်းဦးပါ(၄)ဦးအား အလုပ်ပြန်လည်ခန့်ထားရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ အလုပ်သမားများကိုယ်စား ဦးထွန်းလင်းဦးမှ ထွက်ဆိုတင်ပြရာတွင် Topline Global Co.,Ltd (အထည်ချုပ်စက်ရုံ) တွင် ၎င်းသည် ၇-၆-၂၀၁၇ ရက်နေ့၌ Cutting ဌာနတွင် ပိတ်ဖြတ်ရာထူးဖြင့် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာငွေ ကျပ် ၃၃၀,၀၀၀/- ရရှိခဲ့ပါကြောင်း၊ ဒေါ်ဇာဇာအောင်သည် ၁၀-၆-၂၀၁၉ ရက်နေ့တွင် စက်ချုပ်ရာထူးဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာငွေ ကျပ် ၂၈၀,၀၀၀/- ရရှိခဲ့ကြောင်း၊ ဒေါ်အေးအေးစန်းသည် ၁၁-၉-၂၀၁၉ ရက်နေ့တွင် စက်ချုပ်ရာထူးဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာငွေ ကျပ် ၂၈၀,၀၀၀/- ရရှိခဲ့ကြောင်း၊ ဒေါ်လင်းမြတ်ရတနာအောင်သည် ၁၆-၆-၂၀၂၀ ရက်နေ့တွင် စက်ချုပ်ရာထူးဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာငွေ ကျပ် ၂၈၀,၀၀၀/- တို့ကိုရရှိခဲ့ပါကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်( EC စာချုပ် )အား ၂-၅-၂၀၂၂ ရက်နေ့မှ ၂-၅-၂၀၂၄ ရက်နေ့ထိ စာချုပ်ချုပ်ဆိုထားပါကြောင်း၊ Topline Global Co.,Ltd (အထည်ချုပ်စက်ရုံ)တွင် အခြေခံအလုပ်သမားအဖွဲ့အစည်းတွင် အမှုဆောင်(EC)နေရာ လစ်လပ်နေသောကြောင့် ဦးထွန်းလင်းဦးပါ(၅)ဦးတို့မှ လစ်လပ်နေရာတွင် အစားထိုးဖြင့်ဆင်လျှောက်ထားခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ ၂၀-၁၂-၂၀၂၂ ရက်နေ့တွင် ဦးထွန်းလင်းဦးမှ ဥပဒေပါတောင်းဆိုချက်များကို ဝန်ထမ်းရေးရာဌာနသို့ သွားရောက်တင်ပြခဲ့ရာ လက်ခံမှု မရှိပါကြောင်း၊ ၂၆-၁၂-၂၀၂၂ ရက်နေ့တွင်

စက်ရုံရှိ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ ရှေ့မှောက်တွင် ဦးထွန်းလင်းဦးပါ(၅)ဦး အင်အားလျှော့ချခြင်းကို ညှိနှိုင်းမှုမရှိခဲ့ပါကြောင်း၊ ၂၇-၁၂-၂၀၂၂ ရက်နေ့တွင် ဦးထွန်းလင်းဦးပါ(၅)ဦးတို့သည် လုပ်ငန်းခွင်သို့ဝင်ရောက်သည့်အခါ အလုပ်မလုပ်ခိုင်းသဖြင့် စုဝေး၍ ထိုင်နေခြင်းသာဖြစ်ပြီး ဆန္ဒပြခြင်း မဟုတ်ပါကြောင်း၊ ယင်းနေ့ ညနေပိုင်းတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ပါကြောင်း၊ ညနေပိုင်းတွင် အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ခံအရာရှိများရောက်လာပြီး WCC အဖွဲ့ဖြင့် ညှိနှိုင်းရာ အလုပ်ရှင်မှ ၂၈-၁၂-၂၀၂၂ ရက်နေ့တွင် အလုပ်ပြန်လည်ဝင်ရန်ပြောခဲ့၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ အမှုပိတ်သိမ်းရန် သွားရောက်ခဲ့သော်လည်း စက်ရုံမှ တာဝန်ရှိသူ HR Manager ၊ HR တို့မှ အလုပ်ပြန်လည်ခန့်ထားရန် ငြင်းဆိုသောကြောင့် အမှုအားပိတ်သိမ်းခြင်းမရှိခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၆။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ (၃)ကြိမ်တိုင်တိုင် ညှိနှိုင်းဖျန်ဖြေပေးခဲ့သော်လည်း အလုပ်ရှင်မှ ပြန်လည်ဝင်ရောက်ရန် လက်မခံဘဲ ဥပဒေနှင့်အညီ နစ်နာကြေးပေးမည်သာ ပြောခဲ့ပါကြောင်း၊ တောင်းဆိုသူ အလုပ်သမား(၅)ဦးထဲမှ တစ်ဦးသည် နစ်နာကြေးယူခဲ့သဖြင့် ယခု ဦးထွန်းလင်းဦးပါ (၄)ဦးသာ ကျန်ရှိခဲ့ပါကြောင်း၊ ဦးထွန်းလင်းဦးပါ (၄)ဦးတို့သည် လုပ်သက်ရင့် အလုပ်သမားများဖြစ်ပြီး ( EC စာချုပ် )ပါ နောက်ဆက်တွဲ စည်းကမ်းချက်များဖြင့် အပြစ်ပေးအရေးယူခံရမှုများ မရှိခြင်းတို့ကြောင့် အပြစ်မရှိဘဲ အင်အားလျှော့ခံရခြင်းဖြစ်၍ အလုပ်ရှင်မှပေးသော ဥပဒေနှင့်အညီ နစ်နာကြေးရယူလိုခြင်း မရှိပါကြောင်း၊ အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်လိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၇။ အလုပ်ရှင်ကိုယ်စား HR Manager ဒေါ်မိုးမြင့်မေမှ ထွက်ဆိုတင်ပြရာတွင် Topline Global Co.,Ltd (အထည်ချုပ်စက်ရုံ)သည် ၂၆-၁၂-၂၀၁၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အလုပ်ရှင်မှာ Mr. Tseng Chin Yi (ဒါရိုက်တာအဖွဲ့ဝင်၊ ထိုင်ဝမ်လူမျိုး)ဖြစ်ပါကြောင်း၊ အတွင်းခံဘောင်းဘီနှင့် ဘော်လီအင်္ကျီများချုပ်လုပ်ပါကြောင်း၊ အလုပ်သမားဦးရေမှာ လခစားလုပ်သား (၃၅၆)ဦးနှင့် နေ့စားလုပ်သား (၂၁၄)ဦး၊ စုစုပေါင်း လုပ်သားအင်အား (၅၇၀)ဦးတို့ဖြင့် လည်ပတ်လုပ်ကိုင်လျက်ရှိပါကြောင်း၊ အလုပ်သမား ဦးထွန်းလင်းဦးပါ(၄)ဦးနှင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်(EC စာချုပ်)အား ၂-၅-၂၀၂၂ ရက်နေ့မှ ၂-၅-၂၀၂၄ ရက်နေ့အထိ ချုပ်ဆိုထားပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၈။ အလုပ်သမား ဦးထွန်းလင်းပါ(၅)ဦးအနက်တစ်ဦးဖြစ်သော ဦးသော်ဇင်အား မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင်ညှိနှိုင်းစဉ် နစ်နာကြေးပေးခဲ့ပါကြောင်း၊ အလုပ်သမား(၄)ဦးအား အော်ဒါကျဆင်းမှုကြောင့် အင်အားလျှော့ချခဲ့ပါကြောင်း၊ ဦးထွန်းလင်းဦး လုပ်ကိုင်သော Cutting ဌာနတွင် လခစားအလုပ်သမား (၁၄)ဦးရှိပြီး ဦးထွန်းလင်းဦးတစ်ဦးသာ အင်အားလျှော့ချခဲ့ခြင်းဖြစ်ပါကြောင်း၊ (R)လိုင်းတွင် စက်ချုပ်အလုပ်သမား(၉)ဦးရှိပြီး ဒေါ်ဇာဇာအောင်၊ ဒေါ်အေးအေးစန်းနှင့် ဒေါ်လင်းမြတ်ရတနာအောင်တို့(၃)ဦးကိုသာ အင်အားလျှော့ချခဲ့ပါကြောင်း၊ အင်အားလျှော့ချရခြင်းအကြောင်းမှာ ဦးထွန်းလင်းဦးပါ(၄)ဦးတို့သည် လစဉ်ခွင့်ယူခြင်း၊ Line Leader စကားနားမထောင်ခြင်း၊ မပြောသင့်သည့်စကားများပြောခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ အရက်သောက်ခြင်းတို့ကြောင့် ပထမဆုံး အင်အားလျှော့ချခြင်းဖြစ်ပါကြောင်းနှင့် နောက်ပိုင်းတွင် ဆက်တိုက်အင်အားလျှော့ချမည်ဖြစ်ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၉။ အလုပ်သမား ဦးထွန်းလင်းဦးပါ(၄)ဦးတို့အား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက် (EC စာချုပ်)ပါ စည်းကမ်းချက်များဖြင့် အပြစ်ပေးအရေးယူမှုမရှိခဲ့ပါကြောင်း အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ ( WCC )ဖြင့်ညှိနှိုင်းစဉ် အလုပ်ပြန်ဝင်ရန် တောင်းဆိုမှု မပြုခဲ့ပါကြောင်း၊ ၂၈-၁၂-၂၀၂၂ ရက်နေ့တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၌ ညှိနှိုင်းခဲ့ပါကြောင်း၊ အင်အားလျှော့ခြင်းကို နို့တစ်ပေးပြီး အင်အားလျှော့ခြင်း မဟုတ်ပါကြောင်း၊ လုပ်သက်ရင့်အလုပ်သမားများဖြစ်သော်လည်း အပြစ်ရှိခဲ့ခြင်းကြောင့် အင်အားလျှော့ခြင်းဖြစ်ပါကြောင်းနှင့် အလုပ်သမားများ တောင်းဆိုသော အလုပ်ပြန်လည်ဝင်ရောက် လုပ်ကိုင်လိုခြင်းအား လက်မခံနိုင်ပါကြောင်း၊ အလုပ်ထုတ်ပြီးဖြစ်၍ ဥပဒေနှင့်အညီနစ်နာကြေးသာ ပေးလိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

သုံးသပ်ချက်

၁၀။ အလုပ်ရှင်အနေဖြင့် လုပ်ငန်းမကောင်း၍ သို့မဟုတ် အော်ဒါမရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်သားအင်အား လျှော့ချခွင့်ရှိသည်။ သို့သော် ယခုအမှုတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားခြင်းမရှိပါကြောင်း သုံးသပ်ရရှိပါသည်။

၁၁။ Topline Global Co.,Ltd (အထည်ချုပ်စက်ရုံ)ကို ၂၆-၁၂-၂၀၁၆ ရက်နေ့ စတင်ဖွင့်လှစ်ပြီး လခစားလုပ်သား (၃၅၆)ဦးနှင့် နေ့စားလုပ်သား (၂၁၄)ဦး၊ စုစုပေါင်း လုပ်သားအင်အား (၅၇၀)ဦးတို့ဖြင့် လုပ်ကိုင်လျက်ရှိပြီး အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်(EC စာချုပ်)

ချုပ်ဆိုထားပြီး အင်အားလျှော့ချရသည့် အလုပ်သမားများမှာလည်း သက်တမ်းရင့် အလုပ်သမားဖြစ်သော်လည်း အင်အားလျှော့ခံရသည့် အငြင်းပွားမှုဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

၁၂။ အလုပ်သမား ဦးထွန်းလင်းဦးသည် ၇-၆-၂၀၁၉ ရက်နေ့၊ ဒေါ်အေးစန်းသည် ၁၁-၉-၂၀၁၉ ရက်နေ့နှင့် ဒေါ်လင်းမြတ်ရတနာအောင်သည် ၁၆-၆-၂၀၂၀ ရက်နေ့တို့တွင် စတင်ဝင်ရောက်ခဲ့ပြီး လုပ်သက်ရင့်ဝန်ထမ်းများဖြစ်ပါကြောင်း၊ အလုပ်ရှင်မှ အလုပ်သမားများ စတင်ဝင်သည့်နေ့အား ငြင်းပယ်ထွက်ဆိုထားခြင်းမရှိခဲ့၍ အလုပ်စတင်ဝင်သည့်ရက်မှန်ကန်ကြောင်းနှင့် လစ်လပ်အလုပ်သမားအဖွဲ့အစည်း အမှုဆောင်နေရာတွင် အင်အားလျှော့ချခံရသည့် အလုပ်သမား(၄)ဦးတို့မှ အစားထိုးလျှောက်ထားခဲ့ကြောင်း သုံးသပ်ရရှိပါသည်။

၁၃။ အလုပ်သမား ဦးထွန်းလင်းဦးပါ(၄)ဦးတို့အား ခွင့်တိုင်ကြားသည့်ကိစ္စ၊ Line Leader စကားနားမထောင်ခြင်း၊ စက်လိုင်းတွင် မပြောသင့်သည့်စကားပြောခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းနှင့် အရက်သောက်ခြင်းတို့ကို အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်(EC စာချုပ်)ပါ စည်းကမ်းချက်များဖြင့် ပထမအကြိမ်စာဖြင့် သတိပေးခြင်း၊ ဒုတိယအကြိမ်စာဖြင့် သတိပေးခြင်း၊ တတိယအကြိမ် ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်းစသည့် စည်းကမ်းချက်များအတိုင်း အပြစ်ပေးအရေးယူမှု ပြုလုပ်ရမည်ကို ပြုလုပ်မှုမပြုဘဲ အလုပ်မှ အင်အားလျှော့ချခြင်းသည် လုပ်ထုံး၊ လုပ်နည်း မှန်ကန်မှု မရှိကြောင်းသုံးသပ်ရရှိပါသည်။

၁၄။ အော်ဒါရရှိမှု နည်းပါးခြင်းကြောင့် အလုပ်သမား ဦးထွန်းလင်းဦးပါ(၄)ဦးကိုသာ အလုပ်မှ အင်အားလျှော့ချမှုသည် ခိုင်လုံသော အကြောင်းပြချက်မရှိခြင်း၊ လုပ်ထုံး၊ လုပ်နည်းဖြင့်ညီညွတ်ခြင်း မရှိခြင်းတို့ကြောင့် အလုပ်ပြန်လည်ခန့်ထားရန်နှင့် ယခုအငြင်းပွားမှုသည် အလုပ်မှ ထုတ်ပယ်ခြင်းမဟုတ်ဘဲ အော်ဒါရရှိမှုနည်းပါးခြင်းကြောင့် အင်အားလျှော့ချသည့်အတွက် ကြားကာလနစ်နာကြေးပေးရန် မလိုကြောင်း သုံးသပ်ရရှိ၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက် ။ အလုပ်သမား ဦးထွန်းလင်းဦးပါ(၄)ဦးအား ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း မူလနေရာ၊ မူလရာထူး၊ မူလလစာတို့ဖြင့် မူလလုပ်သက်မပြတ်စေဘဲ အလုပ်ပြန်လည်ခန့်ထားရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်